# မြန်မာနိုင်ငံရှိအစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

မြန်မာနိုင်ငံတွင်းဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကိုဆောင်ရွက်နေကြသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) အနေဖြင့် ဩဂုတ်လ (၂၅) ရက်နေ့မှ စတင်၍ ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို အပြင်းအထန်ရှုတ်ချပါသည်။ တိုက်ခိုက်ခံရသူများနှင့် တိုက်ခိုက်ခံရမှုများကြောင့် အသက်ဆုံးရှုံးခဲ့ရသူများအတွက် လွန်စွာဝမ်းနည်းကြောင်းဖော်ပြ အပ်ပါသည်။ လက်ရှိပဋိပက္ခအား ထပ်မံဆိုးဝါးသွားစေမည့် လုပ်ဆောင်ချက်များကို ကာကွယ်လျှော့ချရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား တောင်းဆိုအပ်ပါသည်။

ရခိုင်ပြည်နယ်တွင် အကူအညီလိုအပ်နေသူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများက လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထောက်ပံ့ပေးမှုများကိုပေးအပ်လျက်ရှိပါသည်။ မကြာသေးမီက ဖြစ်ပွားလျက်ရှိသောတိုက်ခိုက်မှုများတွင် INGO များ ပါဝင်ပတ်သက်နေသည် ဟူ၍ လည်းကောင်း၊ အကြမ်းဖက်မှုများကို ပြုလုပ်နေသောအဖွဲ့အစည်းများကို အထောက်အပံ့ပေးမှုအဖြစ် ၎င်းအဖွဲ့အစည်းများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိသည် ဟူ၍ လည်းကောင်း စွပ်စွဲချက်များ လတ်တလော၌ ထွက်ပေါ်လျက်ရှိပါသည်။ အဆိုပါစွပ်စွဲချက်များသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရပ်တည်ချက်ကို လွဲမှားစွာဖော်ပြထားခြင်းသာဖြစ်ပြီး၊ သမာသမတ်ကျခြင်း၊ လူသားဖြစ်တည်မှုကိုအလေးထားခြင်းစသည့် မိမိတို့၏ အခြေခံကျသောတန်ဖိုးများ၊ ခံယူချက်များနှင့် ဆန့်ကျင်လျက်ရှိပါသည်။

INGO များသည် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ အကူအညီ အထောက်အပံ့များ ပေးအပ်ရာတွင်လည်း လိုအပ်ချက်နှင့် ထိခိုက်လွယ်မှုအပေါ်တွင် အခြေခံပြီး အကူအညီပေးရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ကူညီပံ့ပိုးမှုများကိုပေးအပ်ရာတွင် လိုအပ်ချက်အရှိဆုံးနှင့် အထိခိုက်လွယ်ဆုံးသောသူများကို မှီခိုမှုကင်းစွာနှင့် ဘက်မလိုက်ဘဲ သမာသမတ်ကျသော နည်းလမ်းများဖြင့်သာ ဆောင်ရွက်လျက် ရှိပါသည်။ မိမိတို့သည် ပဋိပက္ခတစ်ခုတွင် မည်သည့်ဘက်မှ မပါဝင်ဘဲ၊ လူမျိုးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ လူမျိုးစု အရသော်လည်းကောင်း ခွဲခြားပြီး အကူအညီပေးအပ်ခြင်း မရှိကြောင်းဖော်ပြအပ်ပါသည်။ အကူအညီပေးအပ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာပြည်နယ်/ တိုင်းအစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး၊ ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိပ ါသည်။

INGO များသည် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရာတွင် ပဋိပက္ခကြုံတွေ့နေရသော ပြည်သူများ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများအတွက် အမိုးအကာအထောက်အပံ့များ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အကူအညီများ အပါအဝင် အစားအစာ၊ အာဟာရအထောက်အပံ့နှင့်

ကျန်းမာရေး အကူအညီများကို ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ရေလွှမ်းမိုးမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်စဉ် အခါက အသက်ဘေးအန္တရာယ် ကယ်ဆယ်ရေး အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အား ခံနိုင်မှုစွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အတွက် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင် ပေးခြင်းလုပ်ငန်းများအားဆောင်ရွက် ခဲ့ပါသည်။

INGO များသည် ရခိုင်ပြည်နယ်တွင်း၌ နေထိုင်ကြသောလူမှုအဖွဲ့အစည်းအားလုံးအတွက် ရေရှည် ဖွံ့ဖြိုးမှုစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ် အတွင်း ပြည်နယ်အစိုးရနှင့် ပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စိုက်ပျိုးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီများပေးအပ်ခဲ့ပြီး၊ ပညာရေးစနစ်အား ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထောက်အပံ့များ နှစ်ပေါင်းများစွာ ပေးအပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းအားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်ရန်မှာ ရှုပ်ထွေးပြီး ကာလကြာမြင့်စွာလိုအပ်မည့် လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်တင်းနိုင်မှသာလျှင် ၎င်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းအားလုံးအတွက် အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်နှင့် လေးစားမှုရှိရန်မှာ နိုင်ငံတော်အား အဓိကတာဝန်ယူထားသော နိုင်ငံတော်အစိုးရဖြစ်ကြောင်း နိုင်ငံတကာ အဖွဲ့အစည်းများက သိရှိနားလည်ထားပါသည်။ ဤကဲ့သို့ အရေးကြီးသည့် အခြေအနေတွင် အသက်ကယ်တင်ခြင်း ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် ပဋိပက္ခဖြစ်ပွားနေသောဒေသများသို့ သွားရောက်ခွင့်ကို ပြန်လည်ခွင့်ပြုပေးနိုင်ပါရန်နှင့် ပဋိပက္ခဒဏ်ခံစားနေကြရသည့် ရပ်ရွာများသို့ သွားရောက်၍ ကူညီပံ့ပိုးမှုများပြုလုပ်လျက်ရှိသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသည့် ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် လုံခြုံရေးကိုကာကွယ်စောင့်ရှောက်မှုပေးနိုင်ပါရန် နိုင်ငံတော် အစိုးရအား တင်ပြတောင်းခံအပ်ပါသည်။

Consortium Dutch NGOs
Danish Refugee Council
CARE International
International Rescue Committee
Action Contre La Faim
Lutheran World Federation
Malteser International
Mercy Corps
Norwegian Refugee Council
Oxfam
Plan International
Relief International
Save the Children
Solidarités International
World Vision International
Church of Sweden